# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၆-၇-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **သီလဝါအထူးစီးပွားရေးဇုန် အတွင်းမှ ပြောင်းရွှေ့ခံတောင်သူများကို ပြန်လည်နေရာချထားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းအတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားပါသလဲနှင့် သီလဝါအထူးစီးပွားရေးဇုန် အတွင်းမှ ပြောင်းရွှေ့ပေးရသူနှင့် မြေယာလျော်ကြေးပေးအပ်ပြီးသူ မည်မျှရှိသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မည်သည့်အချိန်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ပါမည်နည်း၊ ၃၀-၁၂-၂၀၁၅ ရက်နေ့က tender အောင်မြင်**

**ထားသည့် CITIC ကုမ္ပဏီအနေဖြင့် လုပ်ငန်းစတင် ဆောင်ရွက်ရန် မည်သည့် အစီအမံများ ပြုလုပ်နေသည်ကို ဒေသခံပြည်သူများအား ရှင်းပြပေးပါမည်လား၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ပထမအဆင့် ဆောင်ရွက်မည့် စီမံချက်များကို ဒေသခံများ သိရှိခွင့်ရနိုင်ပါမည်လား** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်ရှိ ပင်လယ်နှင့် နီးစပ်ပြီး မုန်တိုင်းအန္တရာယ်ကျရောက်လေ့ရှိသော ကျေးရွာများ အတွက် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) များ ထပ်မံဆောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **ကဒူးကြီးဒေသမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာကြသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့ဘဝ လုံခြုံရေးအတွက် မည်ကဲ့သို့ ကူညီ ဖြေရှင်းပေးခဲ့ပြီး မည်သည့်အတိုင်းအတာ၊ မည်သည့်အချိန်ကာလအထိ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းကြောင်းပေါ်ရှိ ကြားစခန်း များတွင် တာဝန်ထမ်းဆောင်နေသည့် ကြားစခန်းအစောင့်များအား အမြဲတမ်းဝန်ထမ်းခန့်ထားပေးရန်နှင့် ဝန်ထမ်းလစာအတိုင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့တွင်း ဖြတ်သန်း သွားသော မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို အဝေးပြေးလမ်းမကြီး မြို့တွင်း (၆) မိုင်အား မြို့ရှောင်လမ်း တစ်ရပ် ဖောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **“ခရစ်ယာန် ထိမ်းမြားခြင်း ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။